
လင်း စီစဉ်သည့်
လွန်းတာမို
ငါ...မင်းကိုချစ်လို့
L လင်း

# အခန်း (၁)

"ဦးရေ ... ဦး ..."

"ဟိုရှေ့က ... ဦး ..."

"ခဏလေးနေပါဦးဗျ ..."

"ဟင် ..."

ဦးမြတ်အိန္ဒြေထွန်းတစ်ယောက် ... ခေါ်သံကြောင့် နောက်ကို ပြန်လှည့်ကြည့်လိုက်ရင်း ... လှမ်းလက်စ ခြေလှမ်းတွေကိုပါ တုံ့ခနဲ ရပ်ပစ်လိုက်ရသည်။

ကြည့်လိုက်တော့လည်း ...

မိမိနောက်ကို ပြေးလိုက်လာတာ ... သက်လတ်ပိုင်းအရွယ် အသားဖြူဖြူ လူတစ်ယောက် ... ဒီနေရာ ဒီပတ်ဝန်းကျင်မှာ ... ဒီလို မျက်နှာမျိုးလေးကို မမြင်ဖူးတာနဲ့ ... မျက်တောင်တွေ ကော့ပျံတက်သွားအောင်ပဲ ... ထိုပုဂ္ဂိုလ်လေးကို ... ဦးမြတ်အိန္ဒြေထွန်း ... ကြည့်မိသည်။

'ဘာလဲကွ ... ဟော့ကောင် ... မင်းခေါ်လိုက်တာ ... ငါ့ကိုလား'

"ဟာ ... ဟုတ်တယ်လေ ... ဦးရ ... ကျွန်တော် ကျွန်တော် ... ဦးကို ... မေးစရာရှိလို့ ခေါ်လိုက်တာ"

"မေးစရာ ... ဟုတ်လား"

ဘာလဲ ... ဒီကောင်လေး ...

လူကိုများ ... မေးစရာရှိလို့ ခေါ်လိုက်တာတဲ့ ...

ဘာမေးစရာလဲ ... ဒီမှာ တောင် ... အလုပ်ဝင်တာ နောက်ကျနေလို့ ... မနည်းသုတ်ခြေတင် လာရတာ ...

စပ်စပ်စုစု အားအားလျားလျား ... ဒီလမ်းမ ပလက်ဖောင်းပေါ်မှာ ... အမေးအဖြေ လုပ်နေစရာလား ... ဦးမြတ်အိန္ဒြေထွန်း စိတ်နည်းနည်း တိုသွားပေမယ့် ... ကောင်လေးမျက်နှာလေး ရှင်းရှင်းသန့်သန့်လေးမို့ ... စိတ်ကို တမင်လျှော့ချပစ်ကာ ...

"ကဲ ... မင်း ဘာမေးမှာ လဲ ... မေးစမ်း"

မျက်တောင်မခတ်ဘဲ ... စိုက်ကြည့်နေလိုက်မိ၏။

"ဟို ... ဟိုလေ ... ဦး ... ကျွန်တော် ... ကျွန်တော် ဒီနားကနေ ... ဖိုင်တွဲကြီးတွေ ကိုင်ကိုင်ပြီး ... ဦး မနက်တိုင်းဖြတ်လျှောက်သွားတာတွေ့လို့ ... ဦးကို ... စိတ်ဝင်စားနေတာ ... ပြီးတော့လည်း ... အပြာရောင်သွပ်ပြားကြီးတွေ ကာထားတဲ့ ခြံဝင်းကြီးထဲကို ... ဦး အမြဲဝင်သွားလို့ ... အဲဒါ ... အဲဒါ ... ဒီနားက လူတွေကို ... ကျွန်တော်မေးကြည့်တာ ... မဟာစကြဝဠာကုမ္ပဏီကြီး ကနေ ... ဒီခြံဝင်းအကျယ်ကြီးထဲမှာ ... Super Market ကြီးတစ်ခုကို ... ခြောက်လနဲ့ အပြီး ဆောက်နေတာဆို ..."

"ဟာ ... အဲဒါ ... ဟုတ်တယ်လေ ... ဘာဖြစ်လို့ လဲ"

"ဦးက ... မန်နေဂျာလား ..."

"ဟော ..."

ဦးမြတ်အိန္ဒြေထွန်းတစ်ယောက် ... ကောင်လေးမေးတာကို

ဘယ်လိုပြန်ဖြေရမှန်း မသိအောင် ဖြစ်သွားသည် ။ သေချာတာက ဦးမြတ်အိန္ဒြေထွန်းသည် ... ဒီ ... Construction လုပ်ငန်းခွင်ကြီးထဲမှာ ... အလုပ်သမား ကြီးကြပ်ရေးမှူး တာဝန်ခံကြီးတစ်ယောက် ဒီထက် ရှင်းအောင်ပြောရရင် ... အလုပ်သမားခေါင်း ...

"နေ ... နေပါဦး ... မင်းက ... ဘာကိုသိချင်လို့ ငါ့ကိုလာမေးနေတာလဲ ..."

"ဦးက ... မန်နေဂျာဆိုရင် ... ဦးအလုပ်ထဲမှာ ... ကျွန်တော့်ကို ခိုင်းချင်တာခိုင်းပါ ... အလုပ် ကြမ်းပဲဖြစ်ဖြစ် ... အလုပ်ချောပဲဖြစ်ဖြစ် ... ဦးဘာခိုင်းခိုင်း ... ကျွန်တော် လုပ်ပေးနိုင်တယ် ... အဲဒါ ... အဲဒါ ... ကျွန်တော့်မှာ ... နေစရာရော စားစရာပါမရှိလို့ လမ်းပေါ်မှာ လျှောက်သွားပြီး ... လမ်းပေါ် မှာ ပဲ ... လျှောက်အိပ်နေရတာ"

"ဟာ ... ဟေ့ကောင် ... ကြည့်စမ်း ... မင်းပုံစံလေးနဲ့ "

ကောင်လေးက ... ဒီလိုပြောလိုက်တော့ ဦးမြတ်အိန္ဒြေထွန်း မယုံနိုင်သလို ဖြစ်သွားပြီး ... မျက်တောင်ပင့်ကြည့်ကာ ... အသက်ရှူပါ မှားသွားသည် ။ ဒီလို ... သန့်ပြန့်တည်တင်းလို့ နေတဲ့ ... မျက်နှာထားပိုင်ရှင် ကောင်လေးတစ်ယောက်က ... နေစရာ စားစရာမရှိလို့ ... လမ်းပေါ်မှာ လျှောက် သွားနေရသတဲ့ လား ...

"မင်း ... မင်း ... ငါ့ကို လာမနောက်နဲ့ နော်"

ဦးမြတ်အိန္ဒြေထွန်း ... မျက်နှာထားတည်တည် အသံမာမာနဲ့ ပဲ ... ရွှေကိုင်းပါဝါမျက်မှန်ကို ... ပြန်ပင့်တင်ကာ ... ကောင်လေးကို ပြောမိသည် ။ ဒီမှာ အလုပ်လည်း ရှုပ် ... စိတ်လည်း ရှုပ်နေပါတယ် ဆိုမှ ... ဒီကောင်လေးက ... နောက်ကပြေးလိုက် လာပြီး ... ဦးနှောက်လာစားနေတာ ...

"ကျွန်တော် ... ကျွန်တော် ... ဦးကို ... နောက်နေတာ မဟုတ်ပါဘူး ဦးရ ... ကျွန်တော် လမ်းပေါ်မှာ တကယ်ဒုက္ခရောက်နေလို့ ... ဦးကို ... အားကိုးတကြီးနဲ့ အလုပ်လာတောင်းတာ ... ကူညီပါနော်ဦး"

"ဒီမှာ ... ဟေ့ကောင် ..."

"ဗျာ ... ဦး ..."

"ငါတို့ တစ်နေ့တစ်နေ့ လုပ်ရတဲ့ အလုပ်တွေကို ... မင်းက ဘာအလုပ်တွေလို့ ထင်နေလို့ လဲ ... လူအင်အား ... စက်ယန္တရားကြီးတွေအားနဲ့ ... နဖူးကချွေး မြေကျအောင် လုပ်နေရတဲ့ အလုပ်တွေ ကွ ... နားလည်လား ... ကျဲကျဲတောက်ပူနေတဲ့ နေရောင်အောက်မှာ ... တစ်နေကုန် အသားတွေ ပြာနှမ်းနေအောင် အလုပ်လုပ်ရတာ ... မင်းပုံစံလေးနဲ့ လာလုပ်လို့ ကတော့ ... တစ်ရက်ထဲနဲ့ မင်း နားကားသွားမယ် ... ဟေ့ကောင် ... အဲဒါ မင်းနားလည်လား ဒိုး ... ဒိုး ... တခြားနေရာကိုပဲ ... မင်း ဒိုး ..."

ပြောပြီးတာနဲ့ ... စိတ်မရှည်နိုင်တော့သလို ... နဂိုဦးတည်ရာဘက်ကိုပဲ ဦးမြတ်အိန္ဒြေထွန်း မျက်နှာလှည့်ပစ်သည် ။

"ဟာ ... ဦး ... ကျွန်တော့်ကို ... ရက်ရက်စက်စက် မထားခဲ့ပါနဲ့ ဗျာ ... "

ကြည့်စမ်း ... ဒီကောင် ...

ဆက်မပြောချင်တော့လို့ ... လှည့်ထွက်ခဲ့တာလည်း မရ။

နောက်ကနေ ... ပြေးလိုက် လာပြီး ... ရှေ့ကနေတောင် ပိတ်ကာ ရပ်ပစ်တာ ... ပြီးတော့လည်း ... မိုးထိုးနေတဲ့ အရပ်မြင့်မြင့်ကြီးနဲ့ ... လက်နှစ်ဖက်ကို တောင်ပံဖြန့်သလို ဆန့်တန်းလျက်။

"ကူညီပါ ဦးရာ ... ကျွန်တော့်ကို သနားပါဗျာ"

"မင်း ... မင်း ..."

ဒီကောင် ... ဘယ်လိုကောင်လဲဟင် ...

အခုမှ ... သေသေချာချာ ထပ်ပြီးမြင်လိုက်တာက ... ဒီကောင့်ပခုံးပေါ်ကိုတောင် ကျော်ပြီး ... ကျချင်နေတဲ့ ဆံပင်တွေ

ဒါကို ... ရော်ဘာကွင်းကလေးနဲ့ ... ခေါင်းနောက်မှာ ... တစ်ချက်ထဲ စုသိမ်းပြီးတော့ ... ချည် ထားတာ ...

ဘာလဲဟင် ... ဒီကောင်ဂျစ်ပစီလား ...

လမ်းပေါ်မှာ လျှောက်သွားနေတဲ့ ... ကလေကချေလူမိုက်လား ...

မျက်နှာလေးက နုပေမယ့် ... အသက်ကတော့ ... နှစ်ဆယ့်ငါး ကျော် ကျော်လောက်တော့ ရှိမည်။ သေချာနေတာက ... တည်တင်းရွှန်းလက်နေတဲ့ ဒီကောင်လေးရဲ့ မျက်ဝန်းတွေ ... တုံးဆိုတိုက် ကျားဆိုကိုက်တော့မယ် ... အသွင်သဏ္ဍာန် လှုပ်ရှားမှုတွေ ...

ဒါကိုတော့ ... နောက်တစ်ကြိမ်ထပ်အကြည့်မှာ ... ဦးမြတ်အိန္ဒြေထွန်း ... အကဲခတ်မိ သွားသည် ။

"ကျွန်တော် ... ကျွန်တော် ... ဦးကိုမလိမ်ရဲပါဘူး ... ကျွန်တော် တကယ်ဒုက္ခရောက်နေလို့ ... ဦးဆီကအကူအညီကို ကျွန်တော် တောင်းနေတာပါ ... ဦးခိုင်းရင် ... ဘိလပ်မြေအိတ်လည်း ကျွန်တော်ထမ်းမယ် ... ကျောက်စရစ်ပုံးလည်း ကျွန်တော် မမယ် ... ဦးပေးချင်သလောက်ပဲပေး ... အိပ်စရာနဲ့ စားစရာရရင် တော်ပြီဗျာ ... နော်ဦး"

ပြဿနာပဲ ...

နောက်မှ … တစ်ခုစဉ်းစားမိသွား၏။

ကျော်ထက်တို့ ပန်းရန်အဖွဲ့မှာ … အကြမ်းသမားတစ်ယောက် လိုနေတာ … အားလုံး တစ်ဖွဲ့ကို ငါးယောက်ဝင်နေပေမယ့် … ကျော်ထက်တို့အဖွဲ့က … လေးယောက်ပဲဖြစ်နေတာလေ … ဒီကောင့်ကိုခေါ်သွားရင် … အဆင်ပြေမလားဘဲ … ဒီ … ဒီကောင်ကလည်း ထမ်းနိုင်ပိုးနိုင်တယ်ဆိုတော့ …

"ဟော့ကောင် … မင်း … တကယ်လုပ်မှာ နော် …"

"ဟာ … ဦးခိုးရင် ကျွန်တော်လုပ်မယ်လို့ ပြောပြီးပြီလေ"

"ငါ … မင်းမျက်နှာလေးကို … သေသေချာချာ ကြည့်ပြီးတော့မှ … ဆုံးဖြတ်လိုက်တာ … အလုပ်ထဲမှာ … ပြဿနာရှာဖို့ တော့ … မင်း မစဉ်းစားနဲ့ …"

"မရှာပါဘူးဦးရာ … ကဲ … ပေး … ပေး … ဦးလက်ထဲက စာရွက်ဖိုင်တွဲတွေ ကျွန်တော့်ကို ပေး … ဒါတွေကိုကိုင်ပြီး ဦးနောက်ကို … ကျွန်တော်လိုက်မယ်"

"ဟာ … ဟော့ကောင် … မင်း ဘောင်းဘီနောက်အိတ်ထဲက ဘာလဲကွ … ကြည့်စမ်း"

"ဟွန်း … ပန်းလေးတစ်ပွင့်ပါဗျ"

"ပန်း … ဟုတ်လား … ဟား … ဟာ … ထမင်းငတ်ပြီး လမ်းပေါ် လျှောက်သွားနေတာ တောင် … ကဗျာဆန်ဆန်လေးနဲ့ မင်းက … စိတ်ကူးယဉ်ချင် နေသေးတယ် … ငါတို့ အလုပ်က … လက်တွေ့ဆန်တဲ့ အလုပ်ကွ … နားလည်လား … ဒီလို … ပန်းလေးတစ်ပွင့်ကို … ဘောင်းဘီနောက် အိတ်ထဲ … ထိုးထည့်ထားတဲ့ ကောင်ကို … ခေါ်လာတယ်ဆိုပြီး

... အလုပ်သမားတွေက ... ဝိုင်းဟားရင် ... မင်း အရှက်ကွဲမှာ ... သေချာတယ် ... ဟော့ကောင် အဲဒီပန်းကို ... လမ်းပေါ်မှာ ပဲ လွှင့်ပစ်ထားခဲ့"

"မလုပ်ပါနဲ့ ဦးရာ ..."

"ဘာ ... ဘာပြောတယ် ..."

ဦးမြတ်အိန္ဒြေထွန်း ... ဒီကောင့်ကိုကြည့်ကာ မျက်တောင်တွေပင့်ကပ်လျက် ... ဟွန့်ခနဲနှုတ် ခမ်းလေးမဲ့ကာ ... ပြုံးသွားတာလေးကလည်း ပဟေဠိဆန်နေသလို ...

ကြည့်ပါဦး ...

ဒီကောင့်ဘောင်းဘီ နောက်အိလေးထဲမှာ ... ရိုးတံရှည်ရှည်လေးနဲ့ အဝါရောင်ပန်းလေးတစ် ပွင့် ...

ဒါကိုတောင် ... ဒီကောင်က ... ထုတ်ယူကာ ... နှုတ်ခမ်းလေးမှာ ... ကပ်ပြီး ... တမြတ်တနိုး နမ်းပြလိုက်သေး၏။

"ဒီ ... ဒီပန်းလေးက ... ကျွန်တော့်ဘဝရဲ့ အဆုံးမဲ့ မျှော်လင့်ချက် ပန်းကလေးပါ ... ဒီပန်းလေးကြောင့် ... ကျွန်တော့်ဘဝ ရှင်သန်နေရတယ်ဆိုရင် ဦးယုံမလား ..."

"ဟေ ..."

ကြည့်စမ်း ... လမ်းပေါ်မှာ လျှောက်သွားနေတဲ့ ဂျစ်ပစီကောင်ပြောနေတာက ... ထူးထူး ဆန်းဆန်း ... ဒီပန်းလေးကြောင့် ကျွန်တော့်ဘဝ ရှင်သန်နေရတယ်ဆိုရင် ... ဦးယုံမလားတဲ့ ...

အရစ်ရှည်နေမှာ စိုးလို့ ... ဘာမှ ဆက်မပြောတော့ဘဲ ... ကုမ္ပဏီအု

ပ်ချုပ်ရေးရုံး အဆောက်အဦဘက်ကို ... ခပ်သွက်သွက် လျှောက် လာပြီး တော့မှ ... လမ်းတစ်ဝက်ရောက်မှ ... သတိရကာ ...

"ဟာ ... ဟော့ကောင် ... အခုမှ သတိရတယ် ... မင်း နာမည် ငါ့ကိုပြောစမ်း ..."

"ဟွန်း ..."

နှုတ်ခမ်းလေးမဲ့ကာ ... မေးတော့မှ ကောင်လေးက ဖြေသည် ။

"ကျွန်တော့်နာမည် ... တိုက်စစ်မှူး ..."

"ဘာ ... ဘာပြောတယ် ..."

ဦးမြတ်အိန္ဒြေထွန်း မျက်တောင်တွေ ပင့်တက်သွားတာ အောက်ကို တောင် တော်တော်နဲ့ ပြန် မကျ။

***